# စီးပွားရေးအလို့ငှာ မွေးမြူခြင်းပြုနိုင်သော တောရိုင်းတိရစ္ဆာန်များအား မွေးမြူခွင့် လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းတို့အတွက် စိစစ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် သတ်မှတ်ချက်များ

## နောက်ခံအကြောင်းအရာ

၁။ မြန်မာနိုင်ငံအတွင်းရှိ အရေးပါသော ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရန် နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်ရာတွင် အထောက်အကူပြုစေရန်အတွက် ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေကို ၂၀၁၈ ခုနှစ်၊ မေလ (၂၁) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ဥပဒေအား အကောင်အထည်ဖော်ဆောင်နိုင်ရန် "ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ" ကို ထုတ်ပြန်နိုင်ရန် အထက်အဆင့်သို့ တင်ပြ ထားပါသည်။

၂။ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) အရ ၄-၃-၂၀၂၀ ရက်စွဲပါ ကြော်ငြာစာအမှတ် (၆၉၀/၂၀၂၀) ဖြင့် "မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ" ကို သတ်မှတ်ကြေညာခဲ့ပြီး၊ ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (က)နှင့်အညီ "မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များအနက် စီးပွားရေးအလို့ငှာ မွေးမြူခြင်းပြုနိုင်သော တောရိုင်းတိရစ္ဆာန်များ" ကို ၃-၆-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၉၁/၂၀၂၀) ဖြင့် ကြေညာခဲ့ပါသည်။

## ဥပဒေပါ ခွင့်ပြုချက်နှင့် တားမြစ်ချက်များ

၃။ ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ(က) နှင့်အညီ ထုတ်ပြန်ကြေညာခဲ့သည့် "မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များအနက် စီးပွားရေးအလို့ငှာ မွေးမြူခြင်း ပြုနိုင်သော တောရိုင်းတိရစ္ဆာန်များ" ကို ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) အရ စည်းကမ်းသတ်မှတ်ချက်များဖြင့် ဖမ်းဆီးခွင့်၊ စုဆောင်းခွင့်၊ မွေးမြူခွင့် သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့် ပြုနိုင်ပြီး၊ ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဂ) အရ သာမန် နှင့် ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ဝါသနာအရ လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရ လည်းကောင်း မွေးမြူခွင့်ကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်ပါသည်။

၄။ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်မျိုးများကို ခွင့်ပြုချက်မရှိဘဲ စုဆောင်းခြင်း၊ လက်ဝယ် ထားရှိခြင်း၊ မွေးမြူထားခြင်းတို့ကို တွေ့ရှိရပါကဥပဒေပုဒ်မ ၃၉၊ ၄၀ နှင့် ၄၁ တို့ အရ အရေးယူ ဆောင်ရွက်ရမည်။

**ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များအား မွေးမြူခွင့်လျှောက်ထားခြင်း**

၅။ ဥပဒေပုဒ်မ ၂၂ (က) အရ ထုတ်ပြန်ကြေညာထားသည့် စီးပွားရေးအလို့ငှာ မွေးမြူနိုင်သော တောရိုင်းတိရစ္ဆာန်များကို စီးပွားရေးအလို့ငှာမွေးမြူလိုသူသည်မွေးမြူလိုသည့် တိရစ္ဆာန်အမျိုးအမည်၊ အကောင်အရေအတွက်၊ ဖမ်းဆီးမည့် နည်းလမ်း၊ သယ်ယူမည့် အစီအမံတို့ကိုဖော်ပြ၍ လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနသို့ လျှောက်ထားရပါမည်။ မွေးမြူခွင့် လျှောက်ထားရာတွင် အောက်ပါအချက်များ ပါဝင်ရမည်-

(က) မွေးမြူခွင့် လျှောက်လွှာ၊

(ခ ) လျှောက်ထားသူနှင့်ကုမ္ပဏီ/အဖွဲ့/ပုဂ္ဂိုလ်ဆိုင်ရာ အချက်အလက်များ၊

(ဂ) မွေးမြူမည့် တိရစ္ဆာန် စုဆောင်း/ရရှိနိုင်မည့် အစီအစဉ်။

(ဃ) မွေးမြူထားရှိမည့် နေရာ၏ မြေယာပိုင်ဆိုင်မှု အထောက်အထား၊

(င) တိရစ္ဆာန်မွေးမြူမည့်ခြံ၊ လှောင်အိမ် အကျယ်အဝန်းနှင့် ဒီဇိုင်းပုံစံများ (မွေးမြူမည့် တိရစ္ဆာန်အမျိုးအစားအလိုက် ဒီဇိုင်း/ပုံစံများကို ပူးတွဲဖြင့် ဖော်ပြရမည်)၊

(စ) တိရစ္ဆာန်များအား မွေးမြူထိန်းသိမ်းမည့် ကျွမ်းကျင်ဝန်ထမ်းများ ခန့်အပ်ရန် စီစဉ်ထားရှိမှု (ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်များနှင့်အတူ)။

(ဆ) မွေးမြူထိန်းသိမ်းမည့် အစီအစဉ်အသေးစိတ်၊

(ဇ ) တိရစ္ဆာန်များ၏ ကျန်းမာရေး စောင့်ရှောက်မှုနှင့် သဘာဝ/မီးဘေး အန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်မှု အစီအမံ အသေးစိတ်၊

(ဈ ) စီးပွားရေးအလို့ငှာ ဆောင်ရွက်မည့် လုပ်ငန်းအသေးစိတ်၊

(ည) မွေးမြူမည့်နေရာ၏ ပတ်ဝန်းကျင် အရပ်လေးမျက်နှာနေ ပြည်သူများ၏ ထောက်ခံချက်နှင့် သက်ဆိုင်ရာ ဌာနများ (ထွေ/အုပ်၊ စည်ပင်၊ မွေး/ကု၊ ECD၊ ကျန်းမာရေး)၏ ထောက်ခံချက် ။

## တောရိုင်းတိရစ္ဆာန်မွေးမြူခွင့် လျှောက်ထားခြင်းအပေါ် စိစစ်ခြင်း

၆။ သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနသည် လျှောက်ထားချက်အား အောက်ပါ အချက်အလက်များအပေါ် အခြေခံ၍စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူး ချုပ်ထံသို့ အဆင့်ဆင့် တင်ပြရမည်−

(က) မွေးမြူခွင့် လျှောက်လွှာပါ အချက်အလက်များ ပြည့်စုံမှု ရှိ/မရှိ၊

(ခ) မွေးမြူခွင့် လျှောက်ထားသည့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်များသည် စီးပွားရေး အလို့ငှာ မွေးမြူခွင့် ပြုနိုင်သော မျိုးစိတ် ဟုတ်/မဟုတ်၊

(ဂ) တိရစ္ဆာန်များ မွေးမြူမည့် အဆောက်အဦ/ခြံ၊ လှောင်အိမ်တို့သည် မွေးမြူမည့် တိရစ္ဆာန် မျိုးစိတ်အလိုက် လုံလောက်သည့် အကျယ် အဝန်းနှင့် သင့်လျော် သည့် ပုံစံ ရှိ/မရှိ၊

(ဃ) မြေယာပိုင်ဆိုင်မှု အထောက်အထားများ မှန်ကန်မှု ရှိ/မရှိ၊

(င) ကျွမ်းကျင်ဝန်ထမ်းများ ခန့်အပ်ရန် စီစဉ်ထားရှိခြင်း ရှိ/မရှိ၊

(စ) တိရစ္ဆာန်များ၏ ကျန်းမာရေးအတွက် တိရစ္ဆာန်ဆေးကုဆရာဝန် ခန့်အပ်/ငှား ရမ်းမှု၊ ကျွေးမွေးစောင့်ရှောက်မှုနှင့် သဘာဝ/မီးဘေးအန္တရာယ် ကြိုတင်ကာ ကွယ်မည့် အစီအမံများ ပါဝင်မှု ရှိ/မရှိ၊

(ဆ) စီးပွားရေးအလို့ငှာ လုပ်ငန်းများအလိုက် ဆောင်ရွက်မည့် အသေး စိတ် အစီ အစဉ်များ ပါဝင်မှု ရှိ/မရှိ၊

(ဇ) တိုးပွားလာမည့် တိရစ္ဆာန်များအတွက် ဆက်လက်ဆောင်ရွက်မည့် အစီ အစဉ် များ ပါဝင်မှု ရှိ/မရှိ။

(ဈ) မွေးမြူမည့်နေရာ၏ ပတ်ဝန်းကျင် အရပ်လေးမျက်နှာနေ ပြည်သူများ၏ ထောက်ခံချက်နှင့် ဌာနများ (ထွေ/အုပ်၊ စည်ပင်၊ မွေး/ကု၊ ECD၊ ကျန်းမာ ရေး) ၏ ထောက်ခံချက်များ ပြည့်စုံမှန်ကန်မှု ရှိ/မရှိ။

**စီးပွားရေး အလို့ငှာ မွေးမြူနိုင်သော တောရိုင်းတိရစ္ဆာန်ကို ဖမ်းဆီးခွင့် သို့မဟုတ် မွေးမြူခွင့် သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့် ပြုသည့်အခါ သတ်မှတ်ပေးသည့် စည်းကမ်း ချက်များ**

၇။ ညွှန်ကြားရေးမှူးချုပ်သည် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်သစ်တောဦးစီးဌာနမှ တင်ပြလာမှုကို စိစစ်၍ မွေးမြူခွင့် သို့မဟုတ် ငြင်းပယ်ခြင်း ပြု နိုင်သည်။

၈။ ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)အရ ညွှန်ကြားရေးမှူးချုပ်သည် စီးပွားရေးအလို့ငှာ မွေးမြူ နိုင်သော တောရိုင်းတိရစ္ဆာန်ကို ဖမ်းဆီးခွင့် သို့မဟုတ် မွေးမြူခွင့် သို့မဟုတ် တစ်နည်း နည်းဖြင့် လွှဲပြောင်းခွင့် ပြုသည့်အခါ အောက်ပါတို့ကို သတ်မှတ်ပေးရမည်-

(က) ဖမ်းဆီး/စုဆောင်းရမည့် သို့မဟုတ် မွေးမြူရမည့် နေရာဒေသ၊

(ခ) ဖမ်းဆီး/စုဆောင်းခွင့် သို့မဟုတ် မွေးမြူခွင့်ပြုသည့် တောရိုင်းတိရစ္ဆာန် အမျိုး အမည်၊ ဖမ်းဆီးရမည့်ဒေသ၊ အထီး/အမ အကောင်အရေအတွက်နှင့် အချိန် ကာလ၊

(ဂ) တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီး/စုဆောင်းခြင်းနှင့် မွေးမြူခြင်းဆိုင်ရာ စည်း ကမ်းချက်များ၊

(ဃ) လွှဲပြောင်းခွင့်ပြုသည့် တိရစ္ဆာန်အမျိုးအမည်၊ လွှဲပြောင်းရမည့်ဒေသ၊ အထီး/ အမ အကောင်အရေအတွက်၊ အချိန်ကာလနှင့် စည်းကမ်းချက်များ။

၉။ ဥပဒေပုဒ်မ၂၂၊ ပုဒ်မခွဲ(ခ)အရ စီးပွားရေးအလို့ငှာ မွေးမြူနိုင်သော တောရိုင်းတိရစ္ဆာန် ကို ဖမ်းဆီးခွင့် ရရှိသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသည့် နေရာဒေသနှင့်အချိန်ကာလအတွင်း ၌ ခွင့်ပြုထားသည့် အကောင်အရေအတွက်ကိုသာ သတ်မှတ်ထားသည့် နည်း

လမ်း၊ ကိရိယာများနှင့် ဖမ်းဆီးခြင်း ဖမ်းဆီးခြင်း သို့မဟုတ် မွေးမြူခြင်းကို ဆောင်ရွက်ရမည်။

(ခ) မွေးမြူထားသည့် တောရိုင်းတိရစ္ဆာန်များအား အခါအားလျော်စွာ သစ်တောဦး စီးဌာနမှ စစ်ဆေးခြင်းကို ခံယူရမည်။

(ဂ) တောရိုင်းတိရစ္ဆာန်ဖမ်းဆီးရာတွင် ဖမ်းဆီးမည့် တိရစ္ဆာန်နှင့် နေရင်းဒေသကို ထိခိုက်မှုမရှိစေရန်နှင့် အခြားသောတောရိုင်းတိရစ္ဆာန်များ အား ခြောက်လှန့်ခြင်း၊ အနာတရ ဖြစ်စေခြင်းနှင့် သေဆုံးခြင်းတို့ မဖြစ်စေရေး အထူးဂရုပြု ဆောင်ရွက်ရမည်။

(ဃ) ဖမ်းဆီးခြင်း သို့မဟုတ် မွေးမြူခြင်း ပြုရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

(င) မွေးမြူခွင့် လျှောက်ထားသည့် တိရစ္ဆာန်များအား ဖမ်းဆီးရာတွင် လည်းကောင်း၊ သယ်ယူရွှေ့ပြောင်းရာတွင်လည်းကောင်း၊ သစ်တောဦးစီးဌာန၏ ကြီးကြပ်စစ် ဆေးမှုကို ခံယူရမည်။

(စ) ဖမ်းဆီးခွင့်ပြုသည့် တောရိုင်းတိရစ္ဆာန်အတွက် သစ်တောဦးစီးဌာနက သတ်မှတ်ပေးသည့်တန်ဖိုးကို သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနတွင် ပေးဆောင်ရမည်။

(ဆ) သတ်မှတ်ပေးသည့် တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးရာတွင် အ ခြားတိရစ္ဆာန်များအား ထိခိုက်မှု၊ သေဆုံးမှု ဖြစ်ပေါ်စေပါက ယင်းသို့ ထိခိုက်သေဆုံးသည့် အရေအတွက်နှင့် ဆုံးရှုံးမှု အပေါ်မူတည်၍ သတ်မှတ်ထားသည့် ဒဏ်ကြေးကို ပေးဆောင်ရမည်။

(ဇ) ဖမ်းဆီးရမိသည့် တောရိုင်းတိရစ္ဆာန်အရေအတွက်ကို သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိပြီး သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးကို ပေးဆောင်၍ ပူးတွဲပါ မှတ်ပုံတင်စည်းကမ်းချက်များကို လိုက်နာရမည်။

(ဈ) အထက်ပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊ လိုက်နာ ဆောင်ရွက်မှု မရှိခြင်းတို့ကို စစ်ဆေးတွေ့ရှိရပါက ခွင့်ပြုထားမှုအား ဖျက်သိမ်းမည့်အပြင် တည်ဆဲဥပဒေအရ အရေးယူခြင်းကိုပါ ခံရမည်။

**မွေးမြူခွင့်ရရှိသူမှ လိုက်နာရမည့် အချက်များ**

၁၀။ ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)အရ စီးပွားရေးအလို့ငှာ မွေးမြူနိုင်သော တောရိုင်းတိရစ္ဆာန်ကို မွေးမြူခွင့်ရရှိပြီးနောက် အောက်ပါအချက်များကို လိုက်နာရမည်-

(က) သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။ (မှတ်ပုံ တင်ပုံစံ ပူးတွဲ)

(ခ) မှတ်ပုံတင်သက်တမ်းမှာ (၂) နှစ်ဖြစ်ပြီး၊ သက်တမ်းမကုန်ဆုံးမီ (၃) လ အလိုတွင် သက်တမ်းတိုးခြင်းကို ဆောင်ရွက်ရမည်။

(ဂ) မှတ်ပုံတင်ထားသည့် တောရိုင်းတိရစ္ဆာန်မှ ပေါက်ဖွား/ သေဆုံးစာရင်းကို စနစ်တကျ မှတ်တမ်းများထားရှိပြီး သက်ဆိုင်ရာမြို့နယ် သစ်တောဦးစီးဌာနသို့ (၃) လ တစ်ကြိမ် စာရင်း ပေးပို့ရမည်။

(ဃ) မှတ်ပုံတင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(င) ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေများအရ သတ်မှတ်မည့် မှတ်ပုံတင်ကြေးကို ပေးသွင်းရမည်။

**မွေးမြူထားသည့် တောရိုင်းတိရစ္ဆာန်များအား မျိုးပွားထုတ်လုပ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ**

၁၁။ မှတ်ပုံတင်မွေးမြူထားသည့် တောရိုင်းတိရစ္ဆာန်များအား ထုတ်လုပ်ရောင်းချမည်ဆိုပါက အောက်ပါအချက်များကို လိုက်နာရမည်-

(က) အသားတိုးမွေးမြူထုတ်လုပ်ခြင်း၊ တိုင်းရင်းဆေးထုတ်လုပ်ရန် မွေးမြူခြင်း အပါအဝင် မွေးမြူထားသည့် တိရစ္ဆာန်များနှင့် တိရစ္ဆာန် အစိတ်အပိုင်းများကို ထုတ်လုပ်ရောင်းချမည်ဆိုပါက CITES ကွန်ဗင်းရှင်း၏ ပြဋ္ဌာန်းချက်များနှင့်

အညီ မူလမွေးမြူထားသည့် တိရစ္ဆာန်၏ တတိယမျိုးဆက် (Offspring of second generation– F၂) မှစ၍ နှစ်စဉ်တိုးပွားလာသည့် ကောင်ရေ၏ ၏ ၅၀ % ကိုသာ ထုတ်လုပ် ရောင်းချရမည်။

(ခ ) CITES ကာကွယ်မှုအဆင့်အတန်းအောက်တွင် ပါဝင်သော တောရိုင်းတိရစ္ဆာန်များ၊ ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် ထုတ်ကုန်များကို အခြားနိုင်ငံများထံ သို့/မှ တင်သွင်း၊တင်ပို့သည့်အခါ CITES ကွန်ဗင်းရှင်းမှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများ အတိုင်း ဆောင်ရွက်ရမည်။

(ဂ) မူလမွေးမြူထားသည့် တိရစ္ဆာန်၏ တတိယမျိုးဆက်မှစ၍ နှစ် စဉ်တိုးပွားလာသည့် ကောင်ရေ၏ ၂၀% ကို လုပ်ကိုင်ခွင့်ရရှိသူ၏ စရိတ်ကျခံမှုဖြင့် သစ်တောဦးစီးဌာနမှ သတ်မှတ်ပေးသည့် သဘာဝနေရင်းဒေသတွင် ညွှန်ကြားချက်များနှင့်အညီ လွှတ်ပေးရမည်။

(ဃ) ထုတ်လုပ်ရောင်းချမည့် တောရိုင်းတိရစ္ဆာန်များနှင့် အစိတ်အပိုင်းများအတွက် ကာလပေါက်စျေး၏ ၁၅ % ကို အခွန်အဖြစ် သစ်တောဦးစီးဌာနသို့ ပေးသွင်းရမည်။

------ အဖွဲ့အစည်း/ကုမ္ပဏီဖြစ်ပါက Letter Head ---------

ရက်စွဲ။ ရက်၊ လ၊ ၂၀ ခုနှစ်

သို့

မြို့နယ်သစ်တောဦးစီးမှူး

------ မြို့နယ်သစ်တောဦးစီးဌာန

အကြောင်းအရာ။ **ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်အား စီးပွားရေးအလို့ငှာ မွေးမြူခွင့် လျှောက်ထားခြင်း**

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ၊ ပုဒ်မ ၂၂ ပုဒ်မခွဲ(က)နှင့်အညီ သစ်တောဦးစီးဌာနမှ ထုတ်ပြန်ကြေငြာထားသော စီးပွားရေးအလို့ငှာ မွေးမြူခြင်းပြုနိုင်သည့် တောရိုင်းတိရစ္ဆာန်များအနက် အောက်ပါ တောရိုင်းတိရစ္ဆာန်ကို မွေးမြူခွင့်ပြုရန် လျှောက်ထားခြင်း ဖြစ်ပါသည်။

၁။ လျှောက်ထားသူအမည် ____________________

၂။ နိုင်ငံသား

☐ မြန်မာနိုင်ငံသား

☐ _________ နိုင်ငံသား

၃။ (က) နိုင်ငံသားစိစစ်ရေးကတ်နံပါတ် ____________________

(ခ) နိုင်ငံကူးလက်မှတ်နံပါတ် ____________________

မိတ္တူမှန် ပူးတွဲတင်ပြရမည်။

၄။ လိပ်စာ

(က) လက်ရှိလိပ်စာ ______________________________________________________________________________________________________

(ခ) အမြဲတမ်းလိပ်စာ ______________________________________________________________________________

\- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

\- - - - - - - - - - -

၅။ ဌာန/လုပ်ငန်း/ကုမ္ပဏီအမည် - - - - - - - - - - - - - - - - - - - - - - - - - - - - - -

\- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

\- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

\- - - - - - - - - - -

၆။ ရာထူး - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

၇။ ကုမ္ပဏီဖြစ်လျှင်

(က) ကုမ္ပဏီမှတ်ပုံတင်အမှတ် - - - - - - - - - - - - - - - - - - - - - - - - -

(ခ) အမျိုးအစား - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

(ဂ) သက်တမ်း - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

ကုမ္ပဏီမှတ်ပုံတင်နှင့် လုပ်ငန်းလိုင်စင်မိတ္တူမှန်များ ပူးတွဲတင်ပြရမည်။

၈။ မွေးမြူသည့် တိရစ္ဆာန်

(က) မြန်မာအမည် -

(ခ) အင်္ဂလိပ်အမည် -

(ဂ) သိပ္ပံအမည် -

(ဃ) အရွယ်အစား -

(င) အသက် -

(စ) အလေးချိန် -

(ဆ) အရောင်အသွေး -

(ဇ) စတင်မွေးမြူမည့် အရေအတွက်၊ ထီး/မ ခွဲခြားဖော်ပြရန်။

(ဈ) လက်ဝယ်ပိုင်ဆိုင်ထားပါက တရားဝင်ဖြစ်ကြောင်း ဖော်ပြရန် (အထောက်အထား ပူးတွဲ တင်ပြရမည်။)

(ည) စုဆောင်း/ဖမ်းဆီးမည့်နေရာ နှင့် စုဆောင်း/ဖမ်းဆီးမည့်နည်းလမ်း (နောက်ဆက်တွဲဖြင့် ပြည့်စုံစွာဖော်ပြရန်)

(ဋ) သယ်ယူမည့် နည်းလမ်း (နောက်ဆက်တွဲဖြင့် ပြည့်စုံစွာ ဖော်ပြရန်)

မှတ်ချက်။ အမျိုးအစား/အရေအတွက် များပြားပါက နောက်ဆက်တွဲဖြင့် ပြည့်စုံစွာဖော်ပြရန်။

၉။ မွေးမြူမည့် နေရာ

(က) မြေပိုင်ဆိုင်မှု (အထောက်အထား ပူးတွဲတင်ပြရမည်)

(ခ) လုပ်ငန်းဆောင်ရွက်မည့်နေရာ၏ တည်နေရာပြမြေပုံ၊ တိရစ္ဆာန်မွေးမြူမည့်ခြံ၊ လှောင်အိမ် အကျယ်အဝန်းနှင့် ဒီဇိုင်းပုံစံများ (မွေးမြူမည့် တိရစ္ဆာန်အမျိုးအစားအလိုက် ဒီဇိုင်း/ပုံစံများကို ပူးတွဲ ဖြင့် ဖော်ပြရမည်)၊

(ဂ) မွေးမြူမည့်နေရာ၏ ပတ်ဝန်းကျင် အရပ်လေးမျက်နှာနေ ပြည်သူများ၏ ထောက်ခံချက်နှင့် သက်ဆိုင်ရာဌာနများ (ထွေ/အုပ်၊ စည်ပင်၊ မွေး/ကု၊ ECD၊ ကျန်းမာရေး)၏ ထောက်ခံချက် (ပူးတွဲတင်ပြရမည်)။

(ဃ) သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၏ ထောက်ခံချက် (ပူးတွဲတင်ပြရမည်) (ထွေ/အုပ်၊ စည်ပင်၊ ပတ်/ထိန်း၊ မွေး/ကု၊ လယ်/စီ၊ အခြားဌာနများ)

၁၀။ မွေးမြူမည့် ရည်ရွယ်ချက် ( ပြုလုပ်ရန်)

(က) မျိုးပွားထုတ်လုပ်၍ ပြည်တွင်းတွင် ရောင်းချရန်၊

(ခ) မျိုးပွားထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချရန်၊

(ဂ) ကုန်ကြမ်းပစ္စည်း ထုတ်လုပ်၍ ပြည်တွင်းတွင် ရောင်းချရန်၊

(ဃ) ကုန်ကြမ်းပစ္စည်း ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချရန်၊

(င) ပြသရန်−

(၁) တိရစ္ဆာန်ဥယျာဉ်တွင် ပြသရန်၊

(၂) ဟိုတယ်၌ ပြသရန်၊

(၃) စီးပွားဖြစ်ပြသရန် (စီးပွားရေးအမျိုးအစားဖော်ပြရန်)၊

(၄) သဘာဝအခြေခံ ခရီးသွားလုပ်ငန်းတွင် အသုံးပြုရန် (အသုံးပြုမည့် နည်းလမ်း ဖော်ပြရန်)။

(စ) အခြား ----------------------------------
(တိကျစွာ ဖော်ပြပေးရန်၊ လိုအပ်ပါက နောက်ဆက်တွဲဖြင့် ဖော်ပြရန်)၊

၁၁။ မွေးမြူခြင်း (နောက်ဆက်တွဲများဖြင့် ပြည့်စုံစွာဖော်ပြရန်)

(က) မွေးမြူမည့် နည်းလမ်းများ၊

( ခ) ကူးစက်ရောဂါကာကွယ်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်၊

( ဂ) ရောဂါဘယဖြစ်ပွားနေသည့် တိရစ္ဆာန်များအား သီးခြားခွဲ၍ ထိန်းသိမ်းထားရှိရန် သီးခြား ခြံဝင်း (သို့မဟုတ်) လှောင်အိမ်များ ဆောက်လုပ်ထားမှု၊

(ဃ) အစာရေစာ ကျွေးမွေးမှု၊

( င) ထွက်ရှိလာသည့် အညစ်အကြေးများ ရှင်းလင်းစွန့်ပစ်မည့် အစီအစဉ်၊

( စ) ကျွမ်းကျင်ဝန်ထမ်းများ ခန့်အပ်မည့် အစီအစဉ် (ဝန်ထမ်းအရေအတွက်၊ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုနှင့် အရည်အချင်း၊ တိရစ္ဆာန်ထိန်းဝန်ထမ်းများ၊ တိရစ္ဆာန်ဆေးကုသရေးပညာ ဘွဲ့ရများ)၊

(ဆ) မီးဘေး (သို့မဟုတ်) သဘာဝဘေးအန္တရာယ် တစ်ခုခုကြောင့် မွေးမြူထားသည့် တိရစ္ဆာန်များကို ရွှေ့ပြောင်းခြင်း (သို့မဟုတ်) ကယ်ဆယ်ခြင်း လုပ်ငန်းများပါရှိသည့် အရေးပေါ် စီမံချက်များ ရေးဆွဲထားမှု (နောက်ဆက်တွဲဖြင့် ပြည့်စုံစွာ ဖော်ပြရန်)၊

( ဇ) Inbreeding/ Hybrid မဖြစ်ပွားစေရန် ဆောင်ရွက်မည့် အစီအမံ၊

(ဈ) အများဆုံး တိုးပွားမွေးမြူမည့် ကောင်ရေနှင့် ပိုလျှံကောင်ရေအား ဖြေရှင်းမည့် အစီအစဉ်၊

(ည) ပြည်ပမှ တင်သွင်းမည်ဆိုပါက Invoice / CITES Import Permit / Health Certificate၊

(ဋ ) ဝယ်ယူရရှိပါက ပြေစာ အထောက်အထား မိတ္တူနှင့် မှတ်တမ်းဓါတ်ပုံများ။

၁၂။ အထက်ဖော်ပြထားသည့် အချက်အလက်များသည် မှန်ကန်ကြောင်း နှင့် အောက်တွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ဖတ်ရှု၊ သိရှိ၊ နားလည်ပါကြောင်း ဝန်ခံကတိပြုပါသည်။

___________________________

(လျှောက်ထားသူ၏လက်မှတ်)

လျှောက်ထားသူအမည် _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

နိုင်ငံသားစိစစ်ရေးကတ် / နိုင်ငံကူးလက်မှတ်နံပါတ် (နိုင်ငံသား) _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

## လျှောက်ထားသူမှ သိရှိလိုက်နာရန် စည်းကမ်းချက်များ

၁။ မွေးမြူမည့်တောရိုင်းတိရစ္ဆာန်သည် ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ၏ ဥပဒေပုဒ်မ ၂၂ (က)နှင့် အညီ ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာနမှ ထုတ်ပြန်ကြေငြာထားသော စီးပွားရေးအလို့ငှာ မွေးမြူခြင်း ပြုနိုင်သည့် တောရိုင်းတိရစ္ဆာန် အမျိုးအမည်များတွင် ပါဝင်ရမည်။

၂။ မွေးမြူမည့် တောရိုင်းတိရစ္ဆာန်အား သစ်တောဦးစီးဌာနမှ သတ်မှတ်သည့် နေရာ၊ အချိန်နှင့် အရေအတွက်အတိုင်း စုဆောင်းရမည်။

၃။ စီးပွားရေးအလို့ဌာ ထုတ်လုပ်ခြင်း၊ တင်ပို့ခြင်းဖြစ်လျှင် သဘာဝတောတွင်းမှ စုဆောင်းသည့် တိရစ္ဆာန်ဖြစ်ပါက ၎င်းမှဆင်းသက်လာသည့် (၃)ဆက်မြောက်မျိုးဆက် ကိုသာ ခွင့်ပြုသည်။

၄။ မွေးမြူခွင့်ရရှိသူသည် မွေးမြူခွင့်ရရှိသည့်နေမှစ၍ (၅) နှစ် သို့မဟုတ် ဌာနမှ သတ်မှတ်ပေးသည့် ကာလတွင် စတင်မွေးမြူသည့် အရေအတွက်၏ (၂) ဆကို ၎င်း၏ကုန် ကျစရိတ်ဖြင့် သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသည့် နည်းလမ်းများဖြင့် ပြန်လွှတ် ပေးရမည်။

၅။ မွေးမြူထားသည့် တိရစ္ဆာန်များကို ခွင့်ပြုထားသည့် ကိစ္စမှတစ်ပါး အခြားသောကိစ္စများအတွက် အသုံးပြုခွင့်မရှိ။

၆။ သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း မရှိပါက ခွင့်ပြုထားသည့် လုပ်ငန်းအား ရပ်ဆိုင်းခြင်းခံရမည့်အပြင် ဥပဒေအရ အရေးယူခြင်း ခံရမည်၊

၇။ ခွင့်ပြုထားသည့် လုပ်ငန်းအပေါ် သစ်တောဦးစီးဌာန၏ အခါအားလျော်စွာ စစ်ဆေးမှုကို ခံယူရမည်။

၈။ မွေးမြူခွင့်ပြုထားသော ကုမ္ပဏီ/လုပ်ငန်းရှင်၏ ပေါ့ဆမှု/ပျက်ကွက်မှုကြောင့် မွေးမြူခွင့်ပြုထားသည့် တိရစ္ဆာန်များ  သေဆုံးပါက သစ်တောဦးစီးဌာနမှ သတ်မှတ်သည့် လျော်ကြေးကို ပေးသွင်းရမည်။

၉။ မွေးမြူခွင့်ပြုထားသည့် တိရစ္ဆာန်များ  သေဆုံးပါက တိရစ္ဆာန်ဆေးကုဆရာဝန် နှင့် စစ်ဆေးပြီးနောက် ကြွင်းကျန်သည့် ရုပ်ကြွင်းနှင့် အစိတ်အပိုင်းများအား သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စနစ်တကျ ဖျက်ဆီးရမည်။ သေဆုံးမှုနှင့် ပတ်သက်သည့် စစ်ဆေးမှုရလဒ်များ၊ သေဆုံးရသည့် အကြောင်းအရင်း၊ ရုပ်ကြွင်းနှင့် အစိတ်အပိုင်း

များအား ဖျက်ဆီးထားရှိမှုအခြေအနေအား မှတ်တမ်းဓါတ်ပုံများနှင့်တကွ သစ်တော ဦးစီးဌာနသို့ ဆောလျင်စွာ အစီရင်ခံတင်ပြရမည်။

၁၀။ မွေးမြူခွင့် ရရှိသူသည် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ကို အတည်ပြုသည့်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၁၁။ မွေးမြူထားသော တောရိုင်းတိရစ္ဆာန်သည် အကြောင်းအမျိုးမျိုးကြောင့် လှောင်အိမ် (သို့) ခြံအတွင်းမှ လွတ်ထွက်သွားပါက သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနသို့ ချက်ချင်း အသိပေးတင်ပြရန် နှင့် ဌာန၏ လမ်းညွှန်မှုအတိုင်း ဖြေရှင်းဆောင်ရွက်ရမည်။

၁၂။ ဆောင်ရွက်မည့်လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကို ဖော်ပြရမည်ဖြစ်ပြီး ယင်း၏ (၂၀) % ကို Performance Guarantee အဖြစ် ပေးသွင်းထားရမည်။ ခွင့်ပြုသည့် ကာလမှ (၆)လ အတွင်း လုပ်ငန်း စတင် ဆောင်ရွက်နိုင်ခြင်း (သို့မဟုတ်) တင်ပြထားသည့် လုပ်ငန်းစီမံချက်အတိုင်း ဆောင်ရွက်နိုင်ခြင်း မရှိပါက လုပ်ငန်းခွင့်ပြုချက်အား ဖျက် သိမ်းခံရမည့်အပြင် Performance Guarantee ကို လည်းကောင်း၊ မွေးမြူထားသည့် တိရစ္ဆာန်များကိုလည်းကောင်း နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်။ နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းဆည်းသော တိရစ္ဆာန်များအား ရွှေ့ပြောင်းခြင်း၊ ထိန်းသိမ်းခြင်း စရိတ်ကို လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသူမှ ကျခံပေးရမည်။

၁၃။ တောရိုင်းတိရစ္ဆာန်များကို စီးပွားဖြစ် မွေးမြူခြင်းအလို့ငှာ သစ်တောဦးစီးဌာနမှ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်တွင် ပါရှိသည့် စည်းကမ်းချက်များကို တိတိကျကျ လိုက်နာရမည်။

၁၄။ လုပ်ငန်းလုပ်ကိုင်သူသည် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ပြည်သူလူထု အသိပညာပေးလုပ်ငန်းများကို သစ်တောဦးစီးဌာနနှင့် အခါအားလျော်စွာ ပူးပေါင်းဆောင်ရွက်ရမည်။

၁၅။ သစ်တောဦးစီးဌာနက အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်သည့် စည်းကမ်းချက်များကိုလည်း လိုက်နာရမည်။

**သစ်တောဦးစီးဌာန**

ပူးတွဲ - ၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန**

**ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်အား စီးပွားရေးအလို့ငှာ**
**မွေးမြူခွင့်မှတ်ပုံတင်လက်မှတ်**

၁။ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ၏ ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) အရ ထုတ်ပြန်ကြေညာထားသည့် စီးပွားရေးအလို့ငှာ မွေးမြူ ခွင့်ပြုထားသည့် တောရိုင်းတိရစ္ဆာန်အတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်အား မွေးမြူခွင့်နှင့် လက်ဝယ်ထားရှိခွင့် မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးလိုက်သည်။

၂။ **မှတ်ပုံတင်ထားသူ**

(က) အမည် - _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

(ခ) ဌာန/အဖွဲ့အစည်း/ကုမ္ပဏီ - _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

(ဂ) အလုပ်အကိုင် - _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

(ဃ) ရာထူး - _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

(င) နိုင်ငံသားစိစစ်ရေးကတ်အမှတ် - _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

(စ) နိုင်ငံကူးလက်မှတ်နံပါတ် - _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

_ _ _ _ _ _ _ _ _ _ _ _ _ နိုင်ငံသား

(ဆ) လက်ရှိလိပ်စာ - _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

_ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

(ဇ) အမြဲတမ်းလိပ်စာ - _ _ _ _ _ _ _ _ _ _ _ _ _ _ _

_ _ _

_ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

၃။ (က) **မှတ်ပုံတင်သည့်လုပ်ငန်း/ခြံအမည်** - _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

_ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

(ခ) လုပ်ငန်း/ ခြံတည်နေရာ - _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

\- - - - - - - - - - - - - - - - -

၄။ **မျိုးပွားမွေးမြူခွင့်ပြုသည့်မျိုးစိတ်**

(က) မြန်မာအမည် - - - - - - - - - - - - - - - - - - -

( ခ ) အင်္ဂလိပ်အမည် - - - - - - - - - - - - - - - - - - -

( ဂ ) သိပ္ပံအမည် - - - - - - - - - - - - - - - - - - -

(ဃ) အရေအတွက် - - - - - - - - - - - - - - - - - - -

( င ) CITES Appendix သတ်မှတ်ချက် - - - - - - - - - - - - - - - - - - -

( စ ) ကာကွယ်ထားသည့်အဆင့် - - - - - - - - - - - - - - - - - - -

(ဆ) တစ်နှစ်အတွင်းတိုးပွားလာနိုင်မှု (ခန့်မှန်း) - - - - - - - - - - - - - - - - - - -

၅။ **မျိုးပွားမွေးမြူခွင့်ပြုထားသည့်နည်း**

(က) သဘာဝအတိုင်း ခြံလှောင်မွေးမြူခြင်း ☐

( ခ ) အခြား ☐ (______________________)

၆။ **ခွင့်ပြုထားသည့် စီးပွားရေးလုပ်ငန်း** - - - - - - - - - - - - - - - - - - -

\- - - - - - - - - - - - - - - - -

၇။ **မှတ်ပုံတင်အမှတ်** - - - - - - - - - - - - - - - - - - -

၈။ **ထုတ်ပေးသည့်နေ့ရက်** - - - - - - - - - - - - - - - - - - -

၉။ **သက်တမ်းကုန်ဆုံးမည့်နေ့ရက်** - - - - - - - - - - - - - - - - - - -

၁၀။ ဤမှတ်ပုံတင်လက်မှတ် ရရှိသူသည် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ လက်ဝယ်ထားရှိခြင်း၊ မျိုးပွား၊ မွေးမြူခြင်းအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့မှ စစ်ဆေးလာပါက တင်ပြရန် တာဝန်ရှိသည်။

၁၁။ ဤမှတ်ပုံတင်လက်မှတ် နောက်ကျောဖက်တွင် ဖော်ပြထားသော စည်းကမ်းချက်များကို တိကျစွာ လိုက်နာရမည်။

၁၂။ ရက်စွဲ။ ရက် လ ခုနှစ်

ထုတ်ပေးသူ

လက်မှတ်

အမည်

ရာထူး

ရုံးတံဆိပ်

## ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များအား စီးပွားရေးအလို့ငှာ မွေးမြူခွင့်မှတ်ပုံတင်လက်မှတ် ရရှိသူမှ လိုက်နာရမည့် စည်းကမ်းချက်များ

၁။ မှတ်ပုံတင်ခွင့်ပြုထားသော မျိုးစိတ်နှင့် အရေအတွက် လျော့ပါးသွားခြင်း မရှိစေရန် ဂရုပြု မွေးမြူ စောင့်ရှောက်ရမည်။

၂။ မှတ်ပုံတင် ထုတ်ပေးထားသည့် တောရိုင်းတိရစ္ဆာန်များ တိုးပွားလာသည့် အရေအတွက်အား မျိုးပွားမွေးမြူသည့် နည်းစနစ်နှင့်တကွ (၆)လ လျှင် တစ်ကြိမ် ဓာတ်ပုံမှတ်တမ်းများနှင့်အတူ သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနသို့ အစီရင်ခံတင်ပြရမည်။

၃။ ခွင့်ပြုထားသည့် မျိုးစိတ်နှင့် အရေအတွက်များအပေါ် အခြေခံ၍ မျိုးပွားမွေးမြူရန်ဖြစ်ပြီး သဘာဝတောတွင်းမှလည်းကောင်း၊ အခြားတစ်နေရာမှလည်းကောင်း စုဆောင်းဝယ်ယူ၍ ဖြည့်တင်းခြင်း မပြုလုပ်ရ။

၄။ မွေးမြူထားသော တိရစ္ဆာန်များအား သစ်တောဦးစီးဌာန၏ စီမံမှုနှင့်အညီ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခု၌ အမှတ်အသားတစ်ခုခု တပ်ဆင်ပေးထားရမည်။

၅။ ခွင့်ပြုထားသည့် တိရစ္ဆာန်များ၊ ကျန်းမာရေး စစ်ဆေးမှုအထောက်အထား မှတ်တမ်းထားရှိရမည်။

၆။ ဤမှတ်ပုံတင်လက်မှတ်ကို အခြားသူသို့ တစ်ဆင့်လွှဲပြောင်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း မပြုလုပ်ရ။

၇။ မွေးမြူထားသည့် တိရစ္ဆာန်များ၏ ကျန်းမာရေး၊ ရောဂါ မကူးစက်ခံရရေး၊ အခြားတိရစ္ဆာန်များနှင့် တောရိုင်းတိရစ္ဆာန်များသို့ ရောဂါမကူးစက်စေရေး တိရစ္ဆာန်ဆေးကုဆရာဝန်ဖြင့် ဆောင်ရွက်ရမည်။

၈။ ခွင့်ပြုထားသည့် ရည်ရွယ်ချက်ကို သွေဖီခြင်း သို့မဟုတ် စည်းကမ်းချက် တစ်ခုခုကို ဖောက်ဖျက်ပါက ဥပဒေအရ အရေးယူခြင်း ခံရမည်။

၉။ ကောင်ရေတိုးပွားလာမှုကြောင့် နေရာမလုံမလောက် ဖြစ်လာပါက တိုးပွားလာသည့် ကောင်ရေအပေါ် သစ်တောဦးစီးဌာန၏ ညွှန်ကြားမှုအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၀။ သစ်တောဦးစီးဌာနနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့မှ အခါအားလျော်စွာ လာရောက်စစ်ဆေးမှုကို ခံယူရမည်၊ ပူးပေါင်းဆောင်ရွက်ပေးရမည်။ စစ်ဆေးတွေ့ရှိချက်၊ အကြံပြု ချက်များ ကိုလည်း လေးစားလိုက်နာရမည်။

၁၁။ သစ်တောဦးစီးဌာနမှ ဤမှတ်ပုံတင်လုပ်ငန်း ကိစ္စရပ်အလို့ငှာ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်သည့် စည်းကမ်းများကို တိကျစွာ လိုက်နာရမည် ဖြစ်ပြီး မွေးမြူထားသော တောရိုင်းတိရစ္ဆာန်သည် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ရန် လိုအပ်ပါက ယင်း ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်းကိုလည်း ဆောင်ရွက်ရမည်။

၁၂။ အထက်ဖော်ပြပါ စည်းကမ်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တည်ဆဲဥပဒေများကိုဖြစ်စေ ဖောက်ဖျက်ခြင်း၊ လိုက်နာဆောင်ရွက်မှု မရှိခြင်းများကို စစ်ဆေးတွေ့ရှိရပါက ဤမှတ်ပုံတင်ထားသည့် လုပ်ငန်းများကို ဖျက်သိမ်းခြင်း နှင့် တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်။

၁၃။ သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင်လည်း မှတ်ပုံတင်ရမည်။

၁၄။ လုပ်ငန်းလုပ်ကိုင်သူသည် တောရိုင်းတိရစ္ဆာန်များနှင့်ပတ်သက်၍ ပြည်သူလူထု အတွက် အသိပညာပေးလုပ်ငန်းချက်များကို အခါအားလျော်စွာ ဆောင်ရွက်ရမည်။

၁၅။ သစ်တာဦးစီးဌာနက အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်သည့် စည်းကမ်းချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်။

**သစ်တောဦးစီးဌာန**